# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 12 , 2023 Volume 70, Number 8

၁၂.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၉.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၀.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၇.၅ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၄၆.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၉၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၀၈ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၀၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၈၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရွှေဘိုဈေးကွက်၌ ပဲတီစိမ်းဈေးနှုန်း အနည်းငယ်မြင့်တက်




စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ပဲတီစိမ်းသီးနှံများ ဧပြီလ နောက်ဆုံးပတ်မှ စတင်၍ ဝင်ရောက်ခဲ့ပြီး စက်တင်ဘာလ ပထမပတ်အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ ပဲတီစိမ်းတစ်တင်းလျှင် ၅၄၃၀၀ ကျပ် ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ (၉၀၀) တင်း၊ တန်အားဖြင့် (၂၉) တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ သြဂုတ်လ နောက်ဆုံးပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ၅၀၀၀၀ ကျပ် ပေါက်ဈေးရှိခဲ့ရာ သြဂုတ်လနောက်ဆုံးပတ်နှင့် စက်တင်ဘာလ ပထမပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းနှိုင်းယှဉ်ပါက စက်တင်ဘာလ ပထမပတ်၌ ပဲတီစိမ်းတစ်တင်းလျှင် ၄၀၀၀ ကျပ် ဈေးနှုန်းပိုမိုခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ရွှေဘိုဈေးကွက်သို့ ပဲတီစိမ်းသီးနှံ ဝင်ရောက်မှုနည်းပါးသော်လည်း ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**Source: DOCA (စစ်ကိုင်း)**

https://www.commerce.gov.mm/

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၄-၉-၂၀၂၃ မှ ၈-၉-၂၀၂၃ ) အတွင်း ဖြစ်ပေါ် ခဲ့သော ကုန်စည်ဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ ၊ ဆိပ်ဖြူရှယ် ကျပ် ၃၄၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၄၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၃၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၈၀၀ ၊ မုံရွာရှယ် ကျပ် ၃၃၅၀ ၊ မုံရွာလတ်ကြီး ကျပ် ၃၃၀၀ ၊ မုံရွာလတ်သန့် ကျပ် ၃၂၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၉၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ၊ ဆိပ်ဖြူရှယ် ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀ ၊ မုံရွာရှယ် ကျပ် ၁၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၀၀ ၊ မုံရွာလတ်သန့် ကျပ် ၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၅ စီး(၆၃၀၀၀၀ ပိဿာ )ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ

၇၇ စီး ( ၄၆၂၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၂၈စီး ( ၁၆၈၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၈၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၇၈၀၀၊ အောင်ပန်းထူး-၃ ကျပ် ၈၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၉၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၉၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀၀၊ အောင်ပန်းထူး-၄ ကျပ် ၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီး ဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်ဖြူမှာဈေးငြိမ်လျက်ရှိပါသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၆၀၀ (၇၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၃၀၀၀ (၉၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၄၀၀ (၁၂၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## စစ်ကိုင်းတိုင်းအတွင်းဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းနှင့် စီးထွက်မှုအခြေအနေ



စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ရေဦးခရိုင်များအနက် ရွှေဘိုခရိုင်နှင့် ရေဦးခရိုင်တို့တွင် ရောမင်းစပါး လက်ကျန်မရှိသလောက်နည်းပါးနေကြောင်း၊ ကန့်ဘလူခရိုင်၌ စပါးဈေးနှုန်း အနည်းငယ်ကျဆင်းပြီး ကလေးခရိုင်တွင် စပါးဈေးနှုန်း အနည်းငယ်မြင့်တက်နေကာ ကျန်ခရိုင်များတွင် စပါးဈေးနှုန်း တည်ငြိမ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ ပထမပတ်တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများမှာ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်၊ ရောမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ၁၃၈၀၀၀ ကျပ်၊ နှွေစပါး(ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ နွေစပါး (ရွှေဝါထွန်း)(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေ ကြောင်း၊ ရေဦးခရိုင်၊ ရေဦးမြို့နယ်မှ ပေါ်ဆန်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ် ၁၃၈၀၀၀ ကျပ်၊ နွေစပါး(ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ နွေစပါး(ရွှေဝါထွန်း)(ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင်၊ ကလေးမြို့နယ်မှ ညှော့မထ (စပါး) တင်း ၁၀၀ လျှင် ၃၂၀၀၀၀၀၊ ညှော့မထ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ငစိန် (စပါး) တင်း ၁၀၀ လျှင် ၃၁၀၀၀၀၀၊ ငစိန် (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ၁၁၀၀၀၀၊ ရောမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၃၅၀၀၀၀၀၊ ရောမင်း(ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင်ကျပ် ၁၃၀၀၀၀၊ နွေစပါး(ဒေသမျိုး)(စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၁၅၀၀၀၀၊ နွေစပါး(ဒေသမျိုး)(ဆန်) ၂၄ ပြည်ပါ တစ်အိတ်မှာ ကျပ် ၈၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကသာခရိုင်၊ အင်းတော်မြို့နယ်မှ မော်ဘီ- ၂ (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၉၅၀၀၀၀၊ မော်ဘီ-၂ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၁၀၀၀၊ ဆင်းကေရီ-၃ (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၁၀၀၀၀၀၊ ဆင်းကေရီ-၃ (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ရောမင်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၂၄၀၀၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ နွေစပါး(ဆင်း-၃)(စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၀၀၊ နွေစပါး (ဆင်း-၃) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင်၊ မုံရွာမြို့တွင် ရောမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၃၃၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ ပေါ်ဆန်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊

မနေသုခ(စပါး) တင်း ၁၀၀လျှင် ကျပ် ၂၆၀၀၀၀၀၊ မနေသုခ(ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့တွင် ဧရာမင်း (စပါး)တင်း ၁၀၀ လျှင်ကျပ် ၃၀၀၀၀၀၀၊ ဧရာမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၅၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၄၀၀၀၊ နှံစပါး (ရွှေဝါထွန်း) (စပါး)တင်း ၁၀၀ လျှင်ကျပ် ၁၈၀၀၀၀၀၊ ရွှေဝါထွန်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင်ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ ဩဂုတ်လ (နောက်ဆုံးပတ်) တွင် ရန်ကုန်သို့ အိတ်ရေ ၁၅၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၉၁၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ကချင်သို့အိတ်ရေ ၅၀၀၊ စုစုပေါင်း အိတ်ရေ (၅၉၂၀၀) အိတ်/ တန်အားဖြင့် (၂၉၆၀) တန် စီးထွက်ခဲ့ပြီး စက်တင်ဘာလ (ပထမပတ်) တွင် ရန်ကုန်သို့ အိတ်ရေ ၁၁၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၃,၇၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၃၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၃၅၀၀၊ ကချင်သို့ အိတ်ရေ ၂၀၀၊ စုစုပေါင်းအိတ်ရေ (၄၇၅၀၀) အိတ်/တန်အားဖြင့် (၂၃၇၅) တန် စီးထွက်ခဲ့ကြောင်း သိရှိရသည်။

**Source: DOCA (စစ်ကိုင်း)**

https://www.commerce.gov.mm/

## ၂.၉.၂၀၂၃ မှ ၈.၉.၂၀၂၃ အထိ စစ်တွေကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၂-၉-၂၀၂၃) မှ (၈-၉-၂၀၂၃) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ ဇီးဖတ်၊ ချင်း(အစို)နှင့် ဇီးယိုထုပ်တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၄၆၁၅ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်မှ ၉ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် ဇီးဖတ်တန်ချိန် ၆၁ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ဇီးဖတ်တန်ချိန် ၁၇၉ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ဇီးဖတ်တန်ချိန် တင်ပို့နိုင်မှုလျော့နည်းသွားကြောင်း သိရပါသည်။ ယခုအပတ် ဇီးဖတ်တင်ပို့နိုင်မှုငွေပမာဏမှာ ၇၀၁၅ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

**Source: ရခိုင်ပြည်နယ်ဦးစီးမှူးရုံး**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်မှ ၈ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ ပဲတီစိမ်း၊ Lead Carbonate နှင့် ပြောင်းများ တင်ပို့ခဲ့ပြီး ပို့ကုန်၏စုစုပေါင်း ငွေပမာဏမှာ ၄၄၅၄၇၇.၈၃၀ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၁ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၁၃၃၇၁၃၉.၀၀၀ ကန်ဒေါ်လာနှင့် ကာလတူ တင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၈၉၁၆၆၁.၁၇၀ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်မှ ၈ ရက်နေ့အတွင်း ချည်ထည်များ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ပလပ်စတစ်ပိုက်၊ သံပိုက်နှင့် မြက်ခင်းတုများတင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ၁၄၈၀၁၆.၇၇၀ ကန်ဒေါ်လာတင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၁ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၁၆၃၄၁၅၂.၉၅၀ ကန်ဒေါ်လာနှင့် ကာလတူ တင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၄၈၆၁၃၆.၁၈၀ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့်တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ငွေပမာဏမှာ ၂၉၇၄၆၁.၀၆၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၉.၀၁ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၄-၉-၂၀၂၃ မှ ၈-၉-၂၀၂၃) အတွင်း ပဲနှင့် မီးဖိုချောင်သုံး ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၅၇၃၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၂၈၁၁၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၃၉၅၀၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၆၈၀၀၀ နှင့် မတ်ပဲ SQ/RC (2023 Crop) ကျပ် ၇၈၀၀၀ ဈေးကျဆင်းခဲ့ပြီး ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၂၀၀၀၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၁၀၀ လုံး ( တန်ချိန် ၂၄၀၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၁၁၀ လုံး (တန်ချိန် ၂၆၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၁၀ လုံး ( တန်ချိန် ၂၄၀ ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိ ရသည်။

**ရော်တ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရော်တ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲရော်တ်(သစ်) AC ကျပ် ၁၁၀၀၀၊ မြွားနီ ကျပ် ၁၁၀၀၀၊ အိမ်မဲ ကျပ် ၁၀၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ရော်တ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ရော်တ်ရှည် အိတ်ပေါင်း ၁၅၀၀ ( ၃၀၀၀၀ ပိဿာ )နှင့် ရော်တ်ပု အိတ်ပေါင်း ၅၅ ( ၈၂၅ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရော်တ်ရှည် အိတ်ပေါင်း ၁၉၀၀ ( ၃၈၀၀၀ ပိဿာ )နှင့် ရော်တ်ပု အိတ်ပေါင်း ၂၀၀ ( ၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရော်တ်ရှည် အိတ်ပေါင်း ၄၀၀ ( ၈၀၀၀ ပိဿာ) နှင့် ရော်တ်ပု အိတ်ပေါင်း ၁၄၅ (၂၁၇၅ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၂၅၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၄၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၃၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၁၀၀၊ ပခုက္ကူကြမ်း ကျပ် ၃၇၀၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၄၅၅၀၊ ကြံသကာ(စစ်) ကျပ် ၂၈၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၆၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၂၀၀၊ ပခုက္ကူကြမ်းကျပ်နှင့် ကြံသကာ(စစ်) ကျပ် ၃၀၀ ဈေးမြင့်တက်ခဲ့ပြီး သကြား(ပြည်တွင်း) ကျပ် ၁၀ ဈေးကျဆင်းခဲ့သည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## အိန္ဒိယအစိုးရသည် ၎င်း၏ဆန်တင်ပို့မှုမူဝါဒကို ပြင်ဆင်ဖြေလျှော့ခဲ့ပြီး အချို့သောအခြေအနေများအောက်တွင် တင်ပို့ခွင့်ပြု

အိန္ဒိယအစိုးရသည် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုနှင့်ပတ်သက်သည့် ၎င်း၏မူဝါဒကို ပြင်ဆင်ဖြေလျှော့ခဲ့ပြီး၊ အချို့သောအခြေအနေများအောက်တွင် တင်ပို့ခွင့်ပြုခဲ့ကြောင်း အိန္ဒိယနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာန(DGFT)မှ ထုတ်ပြန်သော အမိန့်ကြော်ငြာစာအရ သိရသည်။

အိန္ဒိယနိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာန(DGFT)က ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ နေ့စွဲဖြင့် အမိန့်ကြော်ငြာစာ ၂၀/၂၀၂၃ ကို ပြင်ဆင်ဖြေလျှော့သည့် အမိန့်ကြော်ငြာစာ ၂၉/၂၀၂၃ ကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ DGFT ၏အမိန့်ကြော်ငြာစာအရ ဇူလိုင်လ ၂၀ ရက် နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော အမိန့် ကြော်ငြာစာ ၂၀/၂၀၂၃ ၏ အပိုဒ် ၂(၃) ကို ပြင်ဆင်ဖြေလျှော့ခဲ့ပြီး၊ ဘာစမာတီမဟုတ်သော ဆန်များကို သတ်မှတ်ထားသောအခြေအနေများအောက်တွင် တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ယခင်အမိန့်ကြော်ငြာစာစတင်အသက်ဝင်သည့် နေ့ရက်နှင့်အချိန်ဖြစ်သည့် ဇူလိုင်လ ၂၀ ရက်နေ့၊ ၂၁ နာရီ ၅၇ မိနစ် ၀၁ စက္ကန့်မတိုင်မီ အကောက်ခွန်ဌာနထံ လွှဲပြောင်းပေးအပ်ပြီးဖြစ်ကာ အကောက်ခွန်ဌာန၏ အီလက်ထရောနစ်စနစ်တွင် စာရင်းသွင်းထားပြီးသောဆန်များ သို့မဟုတ် ယင်းနေ့ရက်နှင့် အချိန်မတိုင်မီ အကောက်ခွန်ဌာနသို့ ဝင်ရောက်ပြီးဖြစ်ကာ သက်ဆိုင်ရာအကောက်ခွန်ဌာန၏ အီလက်ထရောနစ်စနစ်တွင် စာရင်းသွင်းထားပြီးဖြစ်သော ဆန်ပို့ကုန်များကို တင်ပို့ခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါနေ့ရက်နှင့် အချိန်မတိုင်မီ ပို့ကုန်ခွန်များပေးဆောင်ပြီးဖြစ်ရန်လိုကြောင်း ဖော်ပြထားသည်။ အဆိုပါဆန်များတင်ပို့မှုကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့အထိ တင်ပို့ခွင့်ပြုမည်ဖြစ်သည်။

တစ်ဆက်တည်းတွင် DGFT မှ ဩဂုတ်လ ၃၀ ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော ဒုတိယအမိန့်ကြော်ငြာစာ ၃၀/၂၀၂၃ အရ ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုအား ဘူတန်၊ မောရီရှနှင့်စင်ကာပူနိုင်ငံများသို့ အိန္ဒိယနိုင်ငံ အမျိုးသားသမဝါယမ အဖွဲ့ချုပ်လီမိတက်(National Cooperative Federation of India Limited, NCFC)မှတစ်ဆင့် ခွင့်ပြုပေးခဲ့သည်။ အဆိုပါ အမိန့်ကြော်ငြာစာအရ ဘာစမာတီမဟုတ်သောဆန်ဖြူကို ဘူတန်နိုင်ငံသို့ ၇၉၀၀၀ တန်၊ မောရီရှနိုင်ငံသို့ ၁၄၀၀၀ တန်နှင့် စင်ကာပူနိုင်ငံသို့ ၅၀၀၀၀ တန်တင်ပို့ရန် အတည်ပြုခဲ့သည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယအစိုးရအနေဖြင့် အဆိုပါအမိန့်ကြော်ငြာစာ ၂၉/၂၀၂၃ အရ ယခင်အမိန့်ကြော်ငြာစာ မထုတ်ပြန်မီကာလက ပြည်ပသို့တင်ပို့ရန်အသင့်ရှိခဲ့သော ဆန်တင်ပို့ရောင်းချသူများအား သက်သာရာရစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အချို့သော မိတ်ဆွေနိုင်ငံများက ၎င်းတို့၏စားနပ်ရိက္ခာ ဖူလုံမှုအတွက်တောင်းဆိုလာပါက ခြွင်းချက်ဖြင့်တင်သွင်း ခွင့်ပြုခဲ့သည်ကို အမိန့်ကြော်ငြာစာ ၃၀/၂၀၂၃ အရ ဘူတန်၊ မောရီရှနှင့်စင်ကာပူနိုင်ငံများသို့ တင်ပို့ခွင့်ပြုခဲ့သည်ကို တွေ့ရှိရ ပါသည်။ တစ်ဖက်တွင် ပြည်တွင်း၌ ဆန်အလုံအလောက်ရှိရန်နှင့် ဈေးနှုန်းများမြင့်တက်လာမှုမရှိစေရန် ထိန်းကျောင်း ဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**Source: အိန္ဒိယနိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာန (DGFT)၏ အမိန့်ကြော်ငြာစာ ၂၉/၂၀၂၃ နှင့် ၃၀/၂၀၂၃**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Ygn)

## နှစ်မျိုးသုံးကုန်စည်တင်ပို့မှုအား ထိန်းချုပ်ရန် အိန္ဒိယအစိုးရက တိုးမြှင့်ဆောင်ရွက်သွားမည်

အိန္ဒိယအစိုးရသည် နှစ်မျိုးသုံးကုန်ပစ္စည်းများအား မသမာသူများနှင့်အကြမ်းဖက်သမားများလက်သို့ မကျရောက်စေရန် အတွက် တင်ပို့မှုကိုတိုးမြှင့်ထိန်းချုပ်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားကုန်သွယ်မှုညွှန်ကြားရေးမှူးချုပ် Santosh Sarangi က သောကြာနေ့တွင် ပြောကြားခဲ့ကြောင်းနှင့် နှစ်မျိုးသုံးကုန်ပစ္စည်းများသည် လူထုအကျိုးပြုလုပ်ငန်းများအပြင် အခြားသောရည်ရွယ်ချက်များအတွက် အသုံးပြုနိုင်သည့်ပစ္စည်းများဖြစ်ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

နိုင်ငံခြားကုန်သွယ်မှု ညွှန်ကြားရေးမှူးချုပ် Sarangi က အိန္ဒိယကုန်သည်ကြီးများအသင်းတွင် ပြောကြားရာ၌ နိုင်ငံခြား ကုန်သွယ်မှုအထွေထွေညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နှစ်မျိုးသုံးကုန်စည်အဖြစ် အသုံးပြုနိုင်သော အထူးပြုဓာတုပစ္စည်းများ၊ သက်ရှိများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ စက်ကိရိယာများနှင့်နည်းပညာများ (SCOMET-specialty chemicals, organisms, materials, equipment and technologies)ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ စာရင်းပြုစုလျက်ရှိပါကြောင်းနှင့် အဆိုပါကုန်ပစ္စည်းများကို မသမာသူများနှင့်အကြမ်းဖက်သမားများထံသို့ မရောက်ရှိစေရန်အတွက် ထိန်းချုပ်မှုများကို တိုးမြှင့်

ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါပစ္စည်းများကို အဓိကတင်ပို့နေသည့်နိုင်ငံများနှင့် အကြိမ်အရေအတွက်ကိုလည်း သိရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် အစိုးရအနေဖြင့် အဆိုပါနှစ်မျိုးသုံးကုန်စည်များကို ပိုမိုတင်ပို့နိုင်ရေးအတွက် လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့မှုရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ပြည်ပရေးရာဝန်ကြီးဌာန လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးရေးရာ တွဲဖက်အတွင်းဝန် Muanpuii Saiawi ကလည်း နှစ်မျိုးသုံးပစ္စည်းများတင်ပို့မှုကို ထိန်းချုပ်ခြင်းသည် နည်းပညာလွှဲပြောင်းမှုနယ်ပယ်တွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်းနှင့် အစိုးရ၊ စက်မှုလုပ်ငန်းနှင့်အခြားသက်ဆိုင်သူများကြားတွင် မိတ်ဖက်ဆက်ဆံမှုသည် နှစ်မျိုးသုံးပစ္စည်းများကို တင်ပို့မှုထိန်းချုပ်ရာတွင် အရေးကြီးကြောင်း၊ အိန္ဒိယသည် နှစ်မျိုးသုံးကုန်ပစ္စည်းများ မပြန့်ပွားရေးတွင် ကတိကဝတ်ပြုထားပြီး ပို့ကုန်ထိန်းချုပ်မှုသည် နိုင်ငံတကာတာဝန်ဝတ္တရားများနှင့် လိုက်လျောညီထွေဖြစ်စေရန် အရေးကြီးသည်ဟု ပြောကြားထားသည်။

နိုင်ငံခြားကုန်သွယ်မှုမူဝါဒသစ်၏ အဓိကအချက်များထဲမှတစ်ခုမှာ SCOMET လိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းစဉ်ကို အရှိန်မြှင့်တင်ခြင်းအပေါ် အလေးပေးထားပါကြောင်း၊ သို့ရာတွင် အရေးကြီးကုန်စည်များနှင့် နှစ်မျိုးသုံးကုန်စည်များကို ကုန်သွယ်မှုဆောင်ရွက်ရာတွင် မစ်ဆိုင်းနည်းပညာထိန်းချုပ်ရေးစနစ်များအပါအဝင် များစွာသောစနစ်များအောက်တွင် အိန္ဒိယ၏ လိုက်နာဆောင်ရွက်ရန် ကတိကဝတ်ပြုထားသည့် တာဝန်ဝတ္တရားများနှင့်အညီ ဆောင်ရွက်မှုသေချာစေရန်အတွက် SCOMET လိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းသည် နိုင်ငံ၏ပို့ကုန်ထိန်းချုပ်မှုစနစ်အတွက် မရှိမဖြစ်အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု အိန္ဒိယကုန်သည်ကြီးများအသင်းဥက္ကဋ္ဌဟောင်း Sanjay Budhia က ပြောကြားထားပါသဖြင့် အိန္ဒိယအနေဖြင့် နှစ်မျိုးသုံးကုန်ပစ္စည်းများကို တိုးမြှင့်တင်ပို့နိုင်ရေးကြိုးစားနေသကဲ့သို့ တစ်ဘက်တွင်လည်း အကြမ်းဖက်အဖွဲ့အစည်းများထံ မရောက်ရှိစေရေး ထိန်းကြောင်းဆောင်ရွက်နေမှုအခြေအနေကို သိရှိနိုင်ရေး တင်ပြလိုက်ရပါသည်။

**Source:** Government for enhanced export control of dual-use items: Official, The Economic Times, 1 September 2023.

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Ygn)%20_11092023%20_16:22

## STOCK EXCHANGE (12.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Sep. 2023

**Total Trading** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 3,233 (Shares) | 16,333,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 392 | 3,528,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,150 | -50 | -1.56% | 3,100 | 3,150 | 3,100 | 1,004 | 3,112,550 | 38,929,150 | 122,627 |
| MCB | 00003 | 7,300 | -300 | -3.95% | 7,500 | 7,500 | 7,300 | 962 | 7,212,000 | 10,400,986 | 75,927 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 339 | 576,300 | 29,664,613 | 50,430 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 13 | 29,900 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 301 | 1,474,900 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 222 | 399,600 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary


As of 12th Sep. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.31 | -2.69 | -0.70% | 380.38 | 380.38 | 379.28 | 3,233 | 16,333,250 | 8 | 717,341 |

**Index chart**





YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever modern stock exchange in Myanmar and st Quick link Notice Disclosure

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 12th Sep. 2023

| Trading Volume | Trading Value |
|---|---|
| 3,233 (Shares) | 16,333,250 (MMK) |

## Main Board

As of 1:00 pm, 12th Sep. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,233 (Shares) | 16,333,250 (MMK) |

| MYANPIX | 380.31 ▼ 2.69 |
|---|---|
| Total Volume (shares) | 3,233 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 717,341 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 7,300 | ▼ 300 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 0 |

TIR